
ကျူးလေခိုင်
အစအဆုံးမရှိ ချစ်ခဲ့သည်

# အခန်း(၁)

"မေမေ ပြောပုံအရဆိုရင် ဦးပျိုးမောင်မောင်ရဲ့ ပိုင်ဆိုင်မှုတွေက တော်တော်များ သားပေ့ါနော်၊ အပွန်း ခင်းသက်တို့ ဒီတစ်ချီတော့ တကယ်ကို ပွပေါက်တိုးပြီပေ့ါနော် မေမေ"

သမီးဖြစ်သူ၏ စကားကို ခေါင်းညိတ်ရုံသာမက ဒေါ်မေခင်းသက်က မြိန့်မြိန့်ကြီးပြုံး၍ ...

"ဒါပေ့ါ၊ ဦးပျိုးမောင်မောင် သဘောတွေ့အောင်သာနေ၊ ဟိုသူ့သမီးဆိုတာလေးက ခက်အအထုံထုံလေးပဲ နေမှာ ပါ၊ သူ့ကို အနုနည်းလေးနဲ့ နှုးထားလိုက်ရင် ပွဲကပြီးပြီ"

ကိုမောင်၏ အိမ်ကို အကြောင်းအမျိုးမျိုး စုံနေအောင်ပြပြီး ရောက်ဖူးထားပြီးပြီမို့ မများ လှသည့် မိသားစုမှာ သွေးသားရင်းချာဆို၍ ကိုမောင်နှင့် ကိုမောင့်ရဲ့ သမီးလေး တစ်ယောက်သာ ရှိသည်။ ကိုမောင်ကလည်း ဆိုသည်။

"မေ ကိုမောင့်သမီးလေးက ကိုမောင် ကုမ္ပဏီသွားချိန်တွေမှာ ဆို အိမ်မှာ တစ်ယောက်တည်း ဖြစ်ကျန်ခဲ့ရတာ၊ အိမ်က ဒေါ်သိမ့်တို့ မိဖွေးတို့ ရှိကြပေမဲ့ သမီးလေးက မွေးကတည်းက စကားအရမ်းနည်းသူလေးဆိုတော့ သူက သီးခြားဖြစ်နေရတာ အကျင့်တစ်ခုလို ဖြစ်နေတာ၊ တစ်

ယောက်တည်း ငြိမ်ငြိမ်ကုတ်ကုတ်လေး ဖြစ်နေတဲ့ သမီးလေးကို မေတို့ ရောက်လာမှ နွေးထွေးမှုပေးပြီး ပုံစံပြောင်းပေးဖို့ တောင်းဆိုပါရစေကွာ "

ကိုမောင့် အပြောနှင့်တင် လိုရာဘဝမှာ စိန်ကို ဇယ်လိုစီပြီး တောက် နေနိုင်ဖို့ ဒီကောင်မလေးကို လိုသလို လှည့်လို့ ရမည့် အနေအထားဆို တာ တွက်ထားပြီးသား၊

ဒီတော့လည်း အချိုသတ်နည်းဆိုတာကို သူမ ကျင်လည်ရာဘဝမှာ ရေလိုသုံး၍ နေလာခဲ့တော့ အသက်ရှူတာလောက်တောင် မခဲယဉ်း တော့။ ပျားသကာလို ချိုမြအီဝေသံနှော၍ သူမက ...

"အို ကိုမောင်ရယ် ဒါတွေပြောနေဖို့ မလိုပါဘူး၊ ကိုမောင်ကလေ မေ့ ကိုဆိုရင် သိပ်သူစိမ်းဆန်တာပဲနော်၊ မေ့မှာ လည်း သမီးမိန်းကလေး လေး မွေးထားတာပါ ကိုမောင်ရဲ့ ၊ မေ ကိုယ်ချင်းစာနာပြီး ကိုမောင့်သ မီးလေးကို မေ့သမီးရင်းနဲ့ မခြား ချစ်ခင်ယုယ စောင့်ရှောက်ဖို့ ကတိပေး တယ်နော် ကိုမောင်၊ အဟင်း ကိုမောင်ကလေ မသိရင် မေက မေတ္တာတ ရား ခေါင်းပါးသူကြီးကျနေတာပဲ ဟွန်း"

သူမ ထိုသို့ပြောလိုက်လျှင်

"အဲလို မရည်ရွယ်ပါဘူး မေရဲ့ ၊ မေ့သမီးကရော ကိုယ်တို့ လက်ထပ် ဖို့ ကို လက်ခံရဲ့ လား မေ"

"ဘာလက်မခံစရာရှိလို့ လဲ ကိုမောင်ရဲ့ ၊ သမီးလေးအတွက် ဘာမှ တွေးမပူနဲ့ နော်၊ သမီးလေးက အားလုံး မေ့သဘောပဲ သိလား၊ ကိုမောင် ရဲ့ သမီးလေးကိုသာ မြင်ရင် သူ့ညီမလေး အရင်းလိုကို ချစ်သွားမှာ မေ အာမခံရဲတယ်"

သကာလူး၍ အချိုဖုံးထားသော စကားများကို ကိုမောင်တစ်ယောက် နားထောင်ပြီးလျှင် သူမကို ချစ်ခင်မြတ်နိုးစွာ ကြည့်လေသည် ။ ရတနာ ပုံကြီးကို မြင်နေရမှ တော့ ရတနာပုံကြီးရှေ့က အမှိုက်စလောက်ကို ပါးပါးလေး ပုတ်ထုတ်လိုက်ရုံဖြင့် သူ့အလိုလို လွင့်ထွက်သွားမှာ ။

"မေမေရာ ဦးပျိုးမောင်မောင် နှုတ်ဖျားမှာ သမီးခင်းသက် သမီးခင်း သက်နဲ့ ၊ ပါးစပ်ဖျားက မချချင်လာအောင် ခင်းသက်လုပ်ပြမယ်၊ မေမေ စောင့်ကြည့်နေ ဒါလောက်က ခင်းသက်အဖို့ မိုင်နာပါ ဟင်း ဟင်း၊ ဒါနဲ့ သူ့သမီးဆိုတာက လှလားဟင်"

"အင်း ...အသားတော်တော်ဖြူတယ်၊ လှလည်း လှတယ်၊ သူ့အမေ မျက်လုံးပြာပြာလေးတွေက သူ့မှာ လည်း ရှိတယ်၊ ထူးခြားတာက အဲ မျက်လုံးလေးတွေပဲလေ၊ ညို့အားဓာတ်ခံရှိနေသလိုပဲ"

ခင်းသက် အောင့်သက်သက် ဖြစ်သွားရကာ နှုတ်ခမ်းတွန့်သွားသည် ။

"ဟင်း မေမေကလည်း အမွှမ်းတင်နေပြန်ပါပြီ လင်ပါသမီးကိုများ "

"အမွှမ်းတင်နေတာ မဟုတ်ရပါဘူးအေ၊ သမီးမေးလို့ မေမေက ဖြေပေးရုံပါ"

"အဲတစ်ယောက်နဲ့ သမီးနဲ့ ဘယ်သူက ပိုလှသလဲဟင် မေမေ"

"မေမေ့သမီးက အလှတစ်မျိုး၊ သူက တစ်မျိုးပေါ့ သမီးရဲ့ "

"ဟင်း စိတ်ညစ်ပါတယ်၊ မေမေပြောပုံက သူက ပိုလှနေသလိုမျိုးပဲ၊ ဘယ်လိုလုပ်ရပါ့မလဲ"

ခင်းသက် စိတ်ပျက်လက်ပျက် ဖြစ်သွား၏။ ဒေါ်မေခင်းသက်က သဘောကျစွာ ပြုံးလိုက်ပြီးနောက်။

"အမယ်လေး သမီးလေးရယ်၊ ဒါများ သူ့လိုမျက်လုံးမျိုး လိုချင်တာမို့လား၊ ဘာခက်တာမှတ်လို့ အေ၊ မျက်ကပ်မှန် ဝယ်တပ်လိုက်ပေါ့အေ၊ အဖြူယူမလား အစိမ်းတပ်မလား အပြာပဲယူမလား သုံးပစ်လိုက်စမ်းပါ၊ နာမည်ကြီး ခေတ်မီအလှပြင်ပစ္စည်းတွေမှ ပေါလွှန်းလို့ အဓိကက ငွေ၊ အဲဒီငွေဘုံပေါ် ရောက်သွားရင် ကျန်တာတွေက ဟောဒီခြေဖဝါးအောက်ကို သူ့အလိုလို ရောက်လာလိမ့်မယ်၊ ဟင်း ဟင်း"

ဒေါ်မေခင်းသက်က လောဘတကြီးဖြင့် သဘောကျစွာ ရယ်မောလိုက်ကာ မကြာမီ သကာလအတွင်း သူမ သူဌေးကြီးကတော် ဖြစ်လာမည့်အရေးကို တွေးမြင်ယောင်လျက် ပျော်လို့ မဆုံးနိုင် ဖြစ်နေသည် ။

ဖတစ်ကွဲ သမီးဆိုးလေးမို့ ခင်းသက်ကလေးအပေါ်၌ ချစ်ပိုခဲ့ရသည် ။ သမီးလေး ခင်းသက်အပေါ် မိခင်ဝတ္တရား အပြည့်အဝထားချင်ခဲ့သော်လည်း ဘဝက အခြေမခိုင်လှခဲ့တာကြောင့် နိမ့်တစ်ခါ မြင့်တစ်လှည့်နှင့်သာ သူမဆန္ဒတွေ မတည်မြဲခဲ့ပဲရှိသည် ။

ခင်းသက်လေးဖေဖေ လူဆိုးကြီးတစ်ပိုင်းကို အားကိုးလို့ မရသည့်အဆုံး သူများ အိမ်မှာ ကလေးငယ်ကိုကျောပိုး အိမ်နောက်ဖေးတကာကိုလှည့်လည်ကာ အဝတ်ဖွတ်၍ ရာကြံ စားသောက်ခဲ့ရသည့်ဘဝ။ ထိုအဖြစ်အပျက်ကို သူမ ဘယ်သောအခါမျှ မမေ့နိုင်ခဲ့ပါချေ။

ဘဝ၏ အရှုံးတကာ့ အရှုံးထဲမှာ လင်ကုန်ရှုံးတော့ တစ်သက်တဲ့ ။ သူဌေးသားပဲလေဆိုပြီး မျက်လုံးစုံမှိတ်ပြီး အားကိုးတကြီးနှင့် လက်သင့်ခံခဲ့လိုက်ပါတယ် အယောင်ဆောင်သူနှင့် ညားသွားရသည့် သူမအဖြစ်။ ယူမိသည့်ယောက်ျားက သူဌေးအိမ်မှ ဒရိုင်ဘာတဲ့ လေ။ မတတ်နိုင် သူဌေးအိမ်က ဒရိုင်ဘာဆိုတော့လည်း ဒရိုင်ဘာ ကတော်ဖြစ်ရတာ မနည်းပါလေ။

အရပ်တကာလှည့်၍ သူများ အိမ်မှာ အိမ်ဖော်လုပ်ခဲ့ရတာနှင့်ယှဉ်ရင် တော်သေး၏ ဆိုပြီး မထူးဇာတ်ခင်းပစ်လိုက်သည် ။ ညားပြီး သိပ်မကြာလိုက်ပါ။ သင်းရဲ့ ဇာတိလေးက ခေါင်းပြူ၍ ထောင်စပြုလာ၏။ အလုပ်နားပြီဆိုတာနှင့် သင်းက အရက်ကလေး တမြမြဖြစ်လာသည် ။ နောက်ပိုင်း ဖဲလေးရိုက်တာက အဆစ်ဝင်ပါလာသေး၏။ ဖဲကြွေး အရက်ကြွေးတွေ သူဌေးအိမ်ရှေ့မှာ စရိုက်ဆန်ဆန် လာတောင်းကြလေတော့ တင်းပြီပေါ့ သူဌေးက။

"နင်တို့ လင်မယား ငါ့အိမ်ခြံဝင်းထဲက ခုချက်ချင်းထွက်သွား" ဆိုပြီး မောင်းထုတ်ခဲ့သည် ။

ဒီလိုနဲ့ ဆင်းရဲသားတွေ စုနေသည့် စုတ်တီးစုတ်ချာ ရပ်ကွက်ငယ်လေးတစ်စုမှာ အိမ်စုတ်လေးတစ်လုံး ငှားနေပြီး ကြုံရာကျပန်း ပန်းရန်တွေဘာတွေ တစ်နေ့လုပ်မှ တစ်နေ့စားရသော ဘဝသို့ ရောက်သွားတော့သည် ။

ဆိုက်ထဲမှ တစ်နေကုန်ရုန်း၍ ရှာဖွေခဲ့သမျှ သင်းက အကုန်မအပ်ချင်ဘဲ အရက်သောက်ချင်သေးသလို၊ ဖဲကလည်း ရိုက်ချင်သေးပါသည် ။

နောက်ပိုင်း သမီးလေးခင်းသက်ကို မပြည့်မစုံဘဝနှင့်ပင် ထိုဆင်းရဲသားရပ်ကွက်ကလေး ထဲက အိမ်စုတ်ကလေးထဲမှာ ရင်နာနာနှင့် မွေးခဲ့ရသည် ။

ကလေးတစ်ယောက် ရပြီးသည့်တိုင် ခင်းသက်အဖေကတော့ ဆိုးလို့ပေလို့ ကောင်းတုန်း ဆင်ခြင်တိုင်းထွာစိတ် နည်းနည်းမျှမရှိ။ ရှေ့ရေးမတွေး၊ နောင်ရေးမမျှော်။ ဆိုက်ထဲမှာ ရသမျှ ပိုက်ဆံလေးတစ်ပဲခြောက်ပြားကို ဟိုလိုမ့်ဒီဝှက်ဖြင့် အကုန်မအပ်ချင်ဘဲ ဖဲရိုက် အရက်သောက်ရုံတောင် မဟုတ်တော့။ ဘောလုံးထိုးတာပါ တိုး၍ ပါလာသေး

၏။

မိန်းမဖြစ်တဲ့ သူမမှာ တော့ အိမ်ဖော်ဘဝက ကျွတ်ခဲ့ပြီထင်ခဲ့ထား တာ။ လင်ဆိုးမယား တဖားဖား စကားပုံအတိုင်း လင်ရလို့ လည်း သက်သက်သာသာ မနေခဲ့ရပါ။ ကလေးလေး ကျောပိုးပြီး လုပ်လိုက်ရသည့် အိမ်အကူ၊ အိမ်ဖော်။

အပျိုဘဝက တစ်ကိုယ်တည်းအိမ်ဖော်၊ အခု ကလေးကျောပိုးနဲ့ အိမ်အကူဘဝ။ ကလေးတစ်ယောက်နှင့် ယောကျ်ားတစ်ယောက်သာ အဖတ်တင်သွားတယ်။ သူမဘဝကတော့ ဘာမျှ ပြောင်းလဲသွားတာ မရှိခဲ့။

သည် လင်နှင့် ပြတ်ဖို့ ရေစက်က ကုန်ချင်လာတော့လည်း အလွယ်သား။ ဖဲဝိုင်းမှာ ရန်ဖြစ်ကြရင်းနဲ့ ဓားထိုးမှုနှင့် ခင်းသက်ဖေဖေ ထောင်ခုနစ်နှစ် ကျသွားခဲ့သည် ။

ထိုအချိန်အခါတုန်းက အားကိုးစရာ လင်ယောကျ်ား မရှိတော့သဖြင့် အားငယ်မိကာ လူဆိုးလူမိုက်ကြီးအတွက်ပါ မျက်ရည်ကြီးပေါက် ကျခဲ့ရသေးသည် ။

သမီးလေး နောင်ရေးအတွက် တွေးမိရင်လည်း ကြေကွဲဆို့နင့်ရသေး၏။ သမီးလေးအတွက်လည်း တွေးမပူလို့ ကမရ။ သောက အဖုံဖုံကို ရင်ဝယ်ပိုက်လျက် မခံစားနိုင်တော့သည့် အဆုံးမှာ သူမ၏ အလုပ်ရှင် သူဌေးမကြီး ရေချိုးနေစဉ် ချွတ်ပုံထားခဲ့သော မှန်တင်ခုံပေါ်က လက်ဝတ်ရတနာတွေကို ခိုးယူပြီး ထွက်ပြေးလာခဲ့သည် ။

ထိုလက်ဝတ်ရတနာတွေကို ထုခွဲရောင်းချပြီး မန္တလေးမြို့ကနေ ရန်ကုန်တိုင်း ရွှေပြည်သာဘက်မှာ ခြံနှင့် တိုက်ကလေး တစ်လုံးဝယ်ပြီး ဇာတ်မြုပ်နေလိုက်သည် ။ ဘာအလုပ်မှ မလုပ်ဘဲ သူဌေးဆိုက်ဖမ်းကာ ရှိသည့် ပစ္စည်းလေးတွေ ရောင်းချလိုက်။ သုံးလိုက် ဖြုန်းလိုက်နှင့် အချိန်

ကုန်နေခဲ့ရာကနေ ကြာတော့ ပြတ်တစ်လှည့် လတ်တစ်လှည့် ဖြစ်လာသည့်အခါ သူဌေး တစ်ယောက်ကို ချူ၍ စားနေရာကနေ အရယူဖို့ ခွင်ဆင်ဖမ်းခဲ့သည် ။

နှစ်ဦးသဘောတူလို့ ပေါင်းဖက်ပြီး လပိုင်းလောက်သာ ကြာလိုက်၏ ။ မယားကြီးက လိုက်လာကာ ပွဲကြမ်းတော့လေသည် ။

အစကတည်းက လွယ်မယ်ထင်လို့ ဝင်ကပ်ခဲ့ခြင်းမို့ သူမက ခပ်အေးအေးပင်။ မယားရှိလင်မှန်း ကြိုသိနေခဲ့သဖြင့် လိမ်လည်ပေါင်းသင်းမှုနှင့် တရားစွဲမည်ဟု ခြိမ်းခြောက်လိုက် တော့မှ နစ်နာကြေးလေး ထွက်ကျလာတော့သည် ။ ထိုနစ်နာကြေးကို သမီးလေးခင်းသက် ကျောင်းစရိတ်အဖြစ် သုံးခဲ့ခြင်း ဖြစ်၏။ ယခုဆိုရင် သမီးလေး ခင်းသက်တောင် ဘွဲ့တစ်ခုရခဲ့ချေပြီ။

လောကမှာ နေသလို မဖြစ်ရင် ဖြစ်သလို နေတတ်ဖို့ ထိုလောကကြီးကပဲ သင်ပေးခဲ့တော့ ထူးပြီးမပူပန်မိတော့ပါလေ။ ခုချိန်မှာ သူမတို့အကြောင်း ကိုမောင်သိထားသည် က သူမသည် မုဆိုးမတစ်ယောက် ကလေးအမေဟု ပင်။

***

# အခန်း(၂)

"ညီမလေးက ချစ်စရာကောင်းလိုက်တာ ဘယ်နှနှစ်ရှိပြီလဲဟင် ညီမလေးရဲ့ ပြောပါဦး မမကို၊ ဟယ်တော့ ...ဆံပင်တွေကလည်း အရှည်ကြီးပါလား၊ ကြည့်စမ်းပါဦး မေမေရယ် လှလိုက်တာ၊ စင်းနေတာပဲ"

"ဟုတ်တယ် သမီးရေ၊ မျက်လုံးလေးတွေကိုလည်း သေချာကြည့်လိုက်ပါဦး မလှဘူးလား၊ သမီးဖေဖေကို တူတာလေ အဟင်း"

ဘာတွေပါလိမ့်၊ တလောလေးတုန်းကမှ အိမ်ကို ပေါ်ပေါ်လာတတ်တဲ့ အဒေါ်ကြီးကို ဖေဖေ လက်ထပ်ချင်တယ်လို့ ပြောတုန်းက သမီးရှိတယ်လို့ တစ်ခွန်းမှ ထုတ်မပြောခဲ့ပါ။ အဲဒီတုန်းက ဖေဖေ စိတ်ချမ်းသာပါစေတော့ရယ် ပျိုး ခေါင်းညိတ်ခဲ့မိတာ၊ ပျိုးမှားများ မှားသွားပြီလား။

ဖေဖေ့ကို မိန်းမတစ်ယောက်နှင့် ခွဲဝေပြီးချစ်ဖို့ တောင်မှ မနည်းကြိုးစား ဆုံးဖြတ်ခဲ့ရတာ အခုတော့ ...

ဘယ်ကပါလာမှန်းမသိသော မိန်းကလေး တစ်ယောက်က ပျိုးအနားမှာ သိမ့်ခနဲနေအောင် အသားချင်းထိကပ်ပြီး ထိုင်ချကာ ပိုင်စိုးပိုင်နင်းဖြင့် ပျိုးဆံပင်တွေကို ကျောပေါ်ကနေ သူ့လက်နှင့် သပ်ချနေလိုက်တာက တရင်းတနှီး။

ထိုသို့သော ပြုမူမှုကို ပျိုး နည်းနည်းမှ မကြိုက်ပါ။

ပျိုး ခပ်လွန့်လွန့်လေး တစ်ဖက်တိုးရင်း အသံလာရာကို မျက်လုံးလေးပင့်၍ ကြည့်တော့ သူမက။

"သြော် ညီမလေးရယ်၊ သူစိမ်းဆန်လိုက်တာနော် မမခင်းသက်လေ"

"ဘယ်က ခင်းသက်လဲ ပျိုးမသိပါဘူး"

"ဟင်"

ခင်းသက် မျက်နှာကွက်ခနဲ ပျက်သွားသည်။

ဒေါ်မေခင်းသက်ကတော့ အပြုံးမပျက်စွာ ရှိကာ ဦးပျိုးမောင်မောင်ဘက်ကို ငဲ့ကြည့်၍။

"ကိုမောင်က သမီးပျိုးလေးကို မေတို့ သားအမိအကြောင်း သေချာပြောပြမထားရသေးဘူးနဲ့ တူပါတယ်"

"ဟုတ်တယ် မေ၊ အလုပ်တစ်ဖက်နဲ့ မို့ သမီးလေးကို အကြောင်းစုံ မပြောဖြစ်ခဲ့တာပါ၊ သမီး ဒါက ဖေဖေပြောပြထားဖူးတဲ့ သမီးလည်း သိပြီးသားဖြစ်တဲ့ အန်တီ ဒေါ်မေခင်းသက်နော်"

စကားပြောရင်း ခင်းသက်ဘက်ကို လက်ညွှန်လိုက်ပြီး

"သူကတော့ အန်တီမေရဲ့ သမီး ခင်းသက်နွေ၊ သမီးရဲ့ မမပေါ့၊ မမခင်းသက်လို့ ခေါ်နော် သမီး၊ သမီးထက် သုံးနှစ်ကြီးတယ်"

"ဟုတ်ကဲ့ ဖေဖေ"

မတည်လွန်း မပြုံးသော မျက်နှာလေးနှင့် ပျိုးက မမခင်းသက်နွေ ဆိုသည့်ဘက်သို့ ငဲ့၍ ခေါင်းညိတ်လိုက်လျှင် ခင်းသက်က ပြန်၍ ပြုံးပြသည်။

နှုတ်ခမ်းထက်မှ မြနေအောင် ပြုံးယောင်သမ်းနေပေမဲ့ မျက်လုံးတွေ

ထဲမှာ တင်းခံနေမည့် အရိပ်အယောင် တချို့ရှိနေလိမ့်မည်ဆိုတာ ပျိုး ခံစားချက်ဖြင့် မြင်နေရသည် ။

အဲတာ ဘာလဲဆိုတာတော့ ...

"ကဲ ...ကိုမောင် မေတို့ နားချင်ပြီ၊ သမီးလေး နေရမယ့် အခန်းကိုလည်း ပြောပြလိုက်ပါဦး၊ တစ်ခါတည်း သူလည်း နားချင်မှာ ပေါ့"

"ဟုတ်တယ် ဖေဖေ၊ ခင်းသက်လည်း နားချင်နေပြီ"

ပျိုးမျက်နှာနုနုလေးမှာ ချက်ချင်းမှဲ့သွားရသည် ။

ပျိုးဖေဖေနဲ့ ခင်းသက်မေမေတို့ ဒီမနက်မှ လတ်တလော ရုံးတက်၍ လက်မှတ်ထိုးခဲ့ကြသည် ။ အခုပဲ ဖေဖေလို့ တရင်းတနှီးခေါ်ရဲသည် ။ ပျိုးကတော့ ပျိုးရဲ့ မေမေနေရာမှ ဘယ်သူ့ကိုမှ အစားမထိုးနိုင်သလို မေမေလို့ လည်း လောကွတ်ချော်ပြီး မခေါ်နိုင်ပါ၊ မိထွေးက မိထွေးပဲ။ ဘယ်သောအခါမှ မွေးမိခင် ဖြစ်မလာနိုင်ပါချေ။

ဖေဖေကတော့ ကိုယ့်သမီးရင်းထက် အသစ်စက်စက် သွေးမနှောသည့် သမီးအပေါ် စေတနာတွေ ပိုနေပြန်ပါသည် ။

"ဒေါ်သိမ့်ရေ ဒီက သမီးကြီးအတွက် စီစဉ်ထားတဲ့ အခန်းကို လိုက်ပို့ပေးလိုက်ပါဦး"

"ဟုတ်ကဲ့ မိဖွေး အထုပ်တွေသယ်"

ဆိုက်နဲ့ ဂိုက်နဲ့ အထုပ်လေး တစ်ထုပ်တောင်မှ သယ်ဖော်မရဘဲ ဆောင့်ကြွားကြွား အမူအရာနှင့် မျက်နှာကိုချီ၍ ကြီးကြီးသိမ့်တို့ အနောက်ကနေ ခင်းသက်ပါသွားပါသည် ။ ညစာထမင်းဝိုင်းမှာ လည်း ဇွန်းခက်ရင်းကို ကိုင်ရင်း နှာခေါင်းရှုံ့၍

"ဟိုလေ နောက်နေ့ကျရင် ပုစွန်ဆီပြန်ဟင်းလေး ချက်ပေးပါလား၊ ခင်းသက်က ပုစွန်ဆီပြန်ဟင်းနဲ့ မဟုတ်ရင် ထမင်းမစားတတ်လို့ ပါ"

ကြက်သားဟင်းခွက်ကို ခပ်ရင်း ကလေးလိုလို နွဲ့သံလိုလို အသံကို တမင်တကာ ညှစ်ထုတ်၍ ချေးများ ပြနေသဖြင့် ပျိုးမျက်နှာလေး အလို မကျချင်မိ။

"သြော် သမီးကြီးက ပုစွန်ဆီပြန် ကြိုက်တာလား"

ခေါင်းညိတ်ကာ ခင်းသက်က ပြောမည်ပြင်လိုက်စဉ်တွင် ဒေါ်မေခင်းသက်က ...

"ဟုတ်တယ် ကိုမောင်ရဲ့ အဟင်း၊ သမီးကလေ ပုစွန်ဆီပြန် အရမ်းကြိုက်တာ ပြီးတော့ ပုစွန်တောင်မှ အထုပ်ကြီးမှ စားတာလေ"

ဒေါ်မေခင်းသက်က နူးညံ့စွာ ဝင်ပြောလေတော့ ဦးပျိုးမောင်မောင် မျက်နှာကြီးမှာ ပြုံးလို့ ပင်။

"ဟုတ်ပါပြီဗျာ ဟုတ်ပါပြီ၊ ဒေါ်သိမ့် မနက်ဖြန် စျေးသွားရင် ပုစွန်တုပ်ကြီးကြီးနဲ့ လတ်လတ်ဆတ်ဆတ်တွေ ဝယ်ချက်ပေးလိုက်ပါနော်"

ထမင်းဝိုင်းမှာ ယပ်ခတ်ပေးနေသော ဒေါ်သိမ့် မိဖွေနှင့် တစ်ယောက် တစ်လှည့် ကြည့်ကာ ဟုတ်ကဲ့ ဟု ခပ်တိုးတိုးဆိုသည် ။

တစ်ချိန်လုံးငြိမ်ပြီး ဘာတစ်ခွန်းတစ်ဘာသမှ ဝင်မပြောဘဲ အဖေဖြစ်သူ ထမင်းပန်းကန်ထဲကို ဟင်းဦးအရင်ချပြီးမှ ထမင်းစားနေသော ပျိုးကို အကဲခတ်သလို ကြည့်လိုက်လျက် ဒေါ်မေခင်းသက်က ...

"ပျိုးက စကားနည်းတယ်နော်"

ပျိုး မျက်လုံးလေးနှစ်ဖက် မြင့်တက်သွားကြလျက် မျက်နှာချင်းဆိုင်

မှ အသံဆီကို တည့်တည့်ကြည့်၍ တစ်ခုခုပြောရန် ဟန်ပြင်လိုက်ချိန်မှာ ဖေဖေက ဝင်၍ ...

"ဟုတ်တယ် မေရဲ့ သမီးက အဲလိုပဲ တစ်နေ့လုံးကြာလို့ ကိုယ့်ကို တောင်မှ စကားလေးလုံးကွဲအောင် မပြောတဲ့ သူလေးလေ၊ သမီးလေး က တကယ့်ကို အေးဆေးသမားလေးပါကွာ"

"ဒါဖြင့်ရင်တော့ စကားပြောနည်းလေးဘာလေး ညီမလေးပျိုးကို သ င်ပေးထားဦးမှ ပါ ဖေဖေရယ် အဟွန်း ဟွန်း ဟွန်း၊ ညီမလေးက အသွား အလာလည်း နည်းပုံရတယ်နော်၊ အပြင်ထွက်တာ သိပ်မတွေ့မိဘူး"

"ဟုတ်တယ် သမီးကြီးရေ၊ နောက်ပိုင်း ကိုယ့်ညီမအကြောင်း ပိုပြီး သိလာလိမ့်မယ်၊ ညီမလေးနဲ့ နောက်နေ့ အပြင်တူတူထွက်လည်ကြပေ့ါ၊ ဒီထက် အနေစိမ်းမနေရအောင်"

ပျိုးမျက်နှာ တည်တည်လေးမှာ သူတို့ ဘယ်လိုပဲ အရွှန်းဖောက်ဖော က် အရောင်ပြောင်းလဲမှု မရှိသွား။

ဖေဖေက ဒီထက်ပိုသော ရင်းနှီးမှုတွေနဲ့ အဆင့်တက်ဖို့ လမ်းကြောင်းခင်းနေမှန်း ပျိုးသိသည် ။ ပျိုးကိုထားပြီး မိသားစုအသစ် ရှာခဲ့ပြီး၊ ပျိုးကိုပါ သူ့မိသားစုသစ် ကမ္ဘာထဲမှာ ကျင်လည်စေချင်နေရင် တော့ ဖေဖေ လောဘသိပ်ကြီးလွန်းပါ၏။

ပျိုး ပြောခဲ့ပြီးသားပါ။

ဖေဖေ နောက်အိမ်ထောင်ပြုခဲ့ရင် ပျိုးအတွက်ပါ ဆိုတဲ့ ခေါင်းစဉ်မျိုး နဲ့ တော့ ဘယ်မိန်းမကိုမှ လက်မထပ်ပါနဲ့ လို့ ။

ပျိုးဘဝမှာ ဖေဖေတစ်ယောက်ရှိနေရုံနဲ့ အရာရာ ပြီးပြည့်စုံနေပေမဲ့ ဖေဖေ့အဖို့ မှာ ကျ ပျိုးရှိနေရုံနဲ့ မပြည့်စုံဘူးထင်ပါရဲ့ ။ ဒေါ်မေခင်းသက်

တို့ သားအမိအပေါ်မှာ တော်တော်သံယောဇဉ် ကြီးပုံရသည် ။ ဖေဖေ့အသံတွေထဲမှာ ပီတိအသံတွေ ယိုဖိတ်စင်နေတာ အတိုင်းသားပင်။

"တော်ပြီလား ညီမလေးရဲ့ ၊ အစားနည်းလှချည်လား ထပ်စားလိုက်ပါဦးလား ညီမလေးရယ်"

"ဟုတ်ပါရဲ့ ပျိုးလေးရယ်၊ ပန်းကန်ထဲက ထမင်းလေးတောင် ကုန်အောင်မစားပါလား စားမကောင်းဘူးလား သမီးလေး"

လောကွတ်တွေ ကောင်းလိုက်ကြတာဆိုတာ၊ အစစ်မှန်တွေ ဖြစ်ဖို့ ဆုတောင်းရတော့မှာ ပါပဲ။

"ဟုတ်ကဲ့ သိပ်မဆာသေးလို့ ပါ အန်တီနဲ့ မမခင်းသက် ကျေးဇူးပါရှင့်"

ပျိုးက ရေသောက်ပြီး ဖန်ခွက်ကို စားပွဲပေါ်သို့ ပြန်ချလိုက်ကာဖြင့် ...

"ဖေဖေ ဒါဆို သမီးကိုခွင့်ပြုပါဦးနော်"

"ကောင်းပါပြီ သမီးလေး"

"ဒေါ်သိမ့် သမီးလေးဗိုက်ဆာတဲ့ အချိန်ကျ သေချာပြင်ဆင် ချူးခပ်ပေးလိုက်ပါဗျာ"

"ကောင်းပါပြီကွယ်"

ပျိုး ထမင်းဝိုင်းမှ ထထွက်သွားတော့ ပျိုးနောက်ကျောကို ကြည့်၍ ဒေါ်မေခင်းသက်က ဦးပျိုးမောင်မောင် မမြင်အောင် မဲ့လိုက်သည် ။

ပျိုးအနောက်ကနေ ဒေါ်သိမ့်က ဘာလိုက်လုပ်ရတယ်မသိ၊ ပီကေလိုလိုက်ကပ်နေတာ မြင်ရတာ အမြင်ကတ်ချင်စရာတွေ။

ဟိုကလေးမ ထသွားတုန်းကလည်း ရေဖန်ခွက်ကို လက်နဲ့ တိုက်မိမ

ည်ဆိုးပြီး နေရာ ရွှေ့လိုက်တာကလည်း ဒေါ်သိမ့်ပင်။

ဒါတွေထိပါ လိုက်လုပ်ပေးဖို့ လိုလို့ လား၊ ဒီအိမ်ကြီးမှာ ပျိုးဘဝင်ဆိုတဲ့ မိန်းမက ဘာမို့လို့ ဒီလောက်ခစားပြီးတော့။

ကိုယ့်ဘက်က တတ်နိုင်သလောက် ငြိမ်းချမ်းရေး ယူကြည့်ပြီးပြီ၊ အပြောထက် အနေက သွေးခွဲချင်နေသလို ဖြစ်နေတဲ့ သူမဘက်က ကိုင်ပြသည့် အလံဖြူကို မသိသလို မျက်နှာလွှဲပြီး တိုက်စစ် ဆင်ချင်လာအောင် အသံတိတ် အကြည့်တို့ နှင့် ...

သွေးဆောင်နေသည် ။

ကဲ ... ဇာတ်လမ်းကတော့ စပြီ။

နောက်မှ သင်းလေးကို ပညာကောင်းကောင်း ကြီး ပြပေးရဦးမည်လို့ တွေးမှတ်ထားလိုက်ရင်း.

***

# အခန်း(၃)

"မိဖွေး"

"ရှင်"

ဟင်းရည်နွှေးနေစဉ် အနောက်မှ ခေါ်သံကြောင့် ရှင်နှင့်အတူ လှည့်ကြည့်လိုက်တော့ မမခင်းသက်က အိမ်ရှင်မကြီးစတိုင်လ်ဖြင့် ဟင်းအိုးဖုံးတွေ တစ်အိုးပြီးတစ်အိုး လှန်လှောကြည့် နေသည် ။ ပြီးတော့ မြေအိုးတစ်အိုးကိုပါ အဖုံးဖွင့်ကြည့်၍ နှာခေါင်းရှုံ့သွားကာ။

"ဒါဘာအိုးကြီးလဲ နံစော်နေတာဘဲ အဟွတ် အဟွတ်"

နှာခေါင်းနားမှာ အနံ့ကျန်သေးသလိုနှင့် အငွေ့ကို လက်တစ်ခါခါလုပ်နေသည့် ခင်းသက် ပုံစံလေးကိုကြည့်ပြီး မိဖွေးရယ်မိလိုက်ကာ။

"ဘဘကြီးဖို့ မမပျိုးကိုယ်တိုင် ဆေးကျိုပေးထားတာလေ၊ အနံ့က အဲလောက်ကြီးလည်း သိပ်မပျင်းလှပါဘူး မမခင်းသက်ရဲ့ အဟီး"

"ဒီမှာ မိဖွေး၊ နင်နဲ့ ငါက ရွယ်တူမို့လို့ ရယ်ကာမောကာနဲ့ ပြောနေတာလား"

"ရှင်"

"မရှင်နဲ့ ကိုယ့်အဆင့်နဲ့ ကိုယ်နေ၊ ငါ့ကိုစကားပြောရင် ငါမေးတာကို

ပဲဖြေ၊ ငါပြောတဲ့ စကားကို ပြက်ရယ်ပြုပြီး လှောင်သလိုမျိုး ရယ်တာ ဟာ ငါ့ကို မလေးမစားလုပ်တာနဲ့ တူတူပဲ၊ တစ်မျိုးတွေးရင် စော်ကားရာ လည်း ရောက်တယ်၊ နောက်ကို သတိထားပြီး ဆင်ခြင်ပါ"

"ဟုတ် ဟုတ်ကဲ့၊ ဆင်ခြင်ပါ့မယ်ရှင့်"

"ဒီအိမ်မှာ ဖေဖေက စီးပွားရေးတိုးတက် အောင်မြင်အောင်ပဲ အပြင် မှာ လုံးပန်းနေတာ၊ အိမ်မှာ ကျတော့ အလုပ်သမားတွေက ကိုယ့်အဆင့် အတန်းကို မသိဘဲ ပြောချင်သလိုပြောပြီး နေချင်သလိုနေနေကျပုံရတ ယ်၊ မဖြစ်သေးပါဘူး၊ ငါပဲ သေချာကြတ်မတ်မှ ဖြစ်တော့မှာ ပါ ဟင်း"

မိဖွေး မျက်ရည်တွေလည်လာကာ ခေါင်းလေးငုံ့ထားလိုက်သည် ။ မိ ဖွေး ဒီအိမ်ကြီးမှာ အလုပ်လုပ်လာတာ ငါးနှစ်ပင် တင်းတင်းပြည့်တော့ မည်။ ဒီအိမ်ကြီးက လူတွေ ဘယ်သူကမှ အဆင့်အတန်း ခွဲခြားတာမျိုးနှ င့် ခုလို မောက်မောက်မာမာ တစ်ခါဖူးမျှ မဆက်ဆံခဲ့ကြပေ။

မမပျိုးဆိုရင် အနေတည် အေးဆေးလွန်းတာက လွဲလျှင် ခုလိုမျိုး တ စ်ခါဖူးမျှ မပြောဆိုခဲ့ပါ။

ရုပ်ကလေးလှသလောက် မောက်မာမှုရှိတယ်ဆိုတာ မမခင်းသက် လို လူမျိုးကို ပြောကြတာနေမှာ ၊ ရုပ်ဆင်းလှသလို သဘောမနောဖြူသူ လေးဆိုတာ မမပျိုးလို မိန်းကလေးမျိုးကိုပဲ တင်စားကြတာ ဖြစ်မှာ ။

"နေစမ်းပါဦး၊ ဖေဖေ့အတွက် ဆေးကျိုရအောင် ဖေဖေ့မှာ ဘာရော ဂါများ ဖြစ်နေလို့ လဲ ပြောစမ်းပါဦး"

"ဟို ရောဂါကြီးရယ်လို့ တော့ မဟုတ်ပါဘူး အခုတလော ဘဘကြီး က သွေးတိုးတက်တော့၊ မမပျိုးက သွေးတိုးကျအောင်လို့ ဆိုပြီး မြန်မာ ဆေး ကျိုကျိုပေးထားတာပါ"

"ဩော် ဒါများ ဟယ် သူက ဆရာဝန်မို့လို့ လား၊ ဒါမျိုးဆိုတာ ဆရာဝန်ပြပြီး၊ ဆရာဝန်ညွှန်တဲ့ ဆေးကိုပဲ တိုက်ရမှာ လေ၊ သူ ခုလိုလုပ်နေတာ သူက ဘာနားလည်လို့ လဲ၊ ဒုက္ခပါပဲ ဘာတွေလျှောက်လုပ်နေမှန်း မသိပါဘူး"

ခင်းသက်က သက်ပြင်းတွေချကာ ဝေဖန်ပြစ်တင်စကားဆိုပြီး ခုံတစ်လုံးဆွဲယူပြီး ထိုင်လိုက်သည် ။ မိဖွေးကတော့ ဂက်စ်မီးဖိုကို ပိတ်လိုက်ကာ အသီးအရွက်တွေကို ထိုင်ဖျင်နေလိုက်ပါ၏။

မေးလျှင်ဖြေ ကိုယ့်အဆင့်နဲ့ ကိုယ်နေဆိုတော့လည်း သူပြောသမျှထဲမှာ မေးခွန်းပါလာလျှင် ပြန်ဖြေလိုက်ရုံမှ လွဲ၍

"ကြီးကြီးသိမ့်က ဘယ်သွားတာလဲ"

"ကြီးကြီးသိမ့် ဈေးသွားပါတယ်"

"ဩော် ဒီအိမ်က ဟင်းလျာတွေအကုန်လုံးကို ကြီးကြီးသိမ့်ကပဲ တာဝန်ယူ ချက်ပြုတ်ရတာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်ရှင့်"

"ဒါဆို နင်ကတော့ ဒီအိမ်ရဲ့ တောက်တိုမည်ရပေါ့ ဟုတ်လား"

"ဟုတ်ကဲ့ ဟို အဲ ..."

နှုတ်ခမ်းတို့ မဲ့သွားလျက် မီးဖိုခန်းထဲ ပတ်ကြည့်ကာ ဟိုအိုးမ ဒီအိုးကိုင်ကြည့်နှင့် မမခင်းသက် တစ်ယောက် အလုပ်ရှုပ်နေပြန်သည် ။ သူ့မျက်နှာရှုံ့မဲ့သွားလျှင်ပဲ မိဖွေးမှာ မချိမရဲဖြစ်ရသည် ။

ဘယ်လိုကြောင့် ဒီထဲ လာပြီး ဟိုအစ် ဒီမေးနဲ့ လာလုပ်နေရတာလဲမသိ၊ စိတ်တွေညစ်လိုက်တာဆိုတာ။

"မိဖွေးရေ မိဖွေး"

"ရှင် မမပျိုး၊ မိဖွေး လာပြီ လာပြီ"

မိဖွေးက ဖျင်လက်စ ဟင်းရွက်တွေကို ဇကာကြီးထဲ ပစ်ချခဲ့ကာ အပြေးတစ်ပိုင်းနဲ့ ထွက်သွားတော့ ခင်းသက်အနောက်ကနေ လိုက်ကြည့်မိသည် ။

"ဒီအိမ်က လူတွေဟာလေ အဲဒီကောင်မလေး တစ်ချက်မခေါ်လိုက်နဲ့ ခေါ်လိုက်ပြီဆိုတာနဲ့ သေမင်းနဲ့ စစ်ခင်းနေချိန်မှာ တောင် ငေါက်ခနဲ ရောက်လာမဲ့ရုပ်တွေနဲ့ ဟွန်း"

"မှန်း မှန်း ငြိမ်ငြိမ်နေနော် မမပျိုး၊ ဒွါယာက ချိတ်မှာ မို့လို့ မိဖွေး ယူလိုက်ဦးမယ် ခဏလေး"

"အင်း ရတယ် မိဖွေး၊ ဖြည်းဖြည်းသာလုပ်"

မိဖွေး အမြန်လေး ချိတ်မှာ ချိတ်ထားသည့် ဒွါယာလေးကို ယူ၍ မမပျိုးရဲ့ ဆံပင်ရှည်ကြီးတွေကို လေနဲ့ ခြောက်အောင် မှုတ်ပေးရင်း မမပျိုး မျက်နှာလေးကို မှန်ထဲကနေတစ်ဆင့် တမေ့တမော ကြည့်မဝဖြစ်နေရသည် ။

မမပျိုးရဲ့ အလှက အရမ်းနူးညံ့ သိမ်မွေ့လှသည် ။ ပင်ကိုမည်းနက်နေသော ဆံနွယ် ရှည်ကြီးတွေက တင်သားအောက်ထိ အိစင်းဖြာကျနေလေသည် ။ ကကြီးသဏ္ဍာန် နဖူးပြင်လေးမှာ အချိုးညီညာ ပြေပြေလေးနှင့် အလွန်ကြည့်ကောင်းနေသည် ။ အရင်းသွယ်လျ၊ မျက်ခုံးနှစ်ဖက် အဆုံးသတ် ရှူးရှူးကြီး ဖြစ်သွားတာမျိုးမဟုတ်ဘဲ၊ နီညိုရင့်ရောင် ဇင်ယော်တစ်ကောင် ပျံပြေးနေသလိုပင်။ မျက်လုံးလေးများ ပင့်ကြည့်ပြီဆိုလျှင် မျက်တောင်ကော့လေးတွေ ဖြာပြီး ကော့ဆေးတင်စရာမလိုအောင်

ကော့တက်နေကြ၏။ အလှဆုံးဟု တင်စားလောက်သည့် အချက်ဟာ လုံးဝထင်ရက်စရာမရှိသော ညှို့အားသိပ်ပြင်းထန်သော ပြာလဲ့လဲ့အောက်ခံရှိသည့် မျက်ဝန်း ပြာပြာလေးပဲဖြစ်သည် ။ ထိုမျက်ဝန်းလေးထဲတွင် သိမ်မွေ့ညင်သာမှုတွေ ခိုအောင်းနေတာ အရှင်းသာ မြင်နေရပါလျက်နှင့် ပြစ်ချက်ရှိနေသည် ဆိုလျှင် ဘယ်သူကများ ယုံပါမည်နည်း။

နှာတံရိုးလေးကလည်း ထင်းလို့ ပင်။ ပါးလွှာသော နှုတ်ခမ်းသားထက်မှာ နှုတ်ခမ်းဆိုးဆေးဆိုတာ မရှိသည့်တိုင် ကြက်သွေးနီရောင် မြန်းနေသေးသည် ။

ဘယ်အချိန်ကြည့်ကြည့် ဘယ်လိုကြည့်ကြည့်၊ ညတစ်ရေးနိုး ထကြည့်ရင်တောင်မှ မမပျိုးရဲ့ အလှဟာ ရိုးမသွားနိုင်ဘဲနှင့် အမြဲလှပတင့်တယ်နေသော အလှမျိုး။

"မမပျိုး   မိဖွေး အင်္ကျီထုတ်ပေးမယ်၊ ဘာအရောင်လေး ဝတ်ချင်သလဲဟင်"

"အရောင်  ဘာအရောင်ဖြစ်ဖြစ် ရတယ် မိဖွေး၊ အဆင်ပြေရာ ထုတ်လိုက်နော်"

မေးမိလိုက်သည့် ကိုယ့်ပါးစပ်ကိုယ် မိဖွေး လက်ဝါးနှင့် ပိတ်ချပစ်လိုက်သည် ။ ပြီးတော့မှ ဗီရိုထဲမှ အဝါရောင်ဂါဝန် ပွပွလေးတစ်ထည်ထုတ်လိုက်ကာ မမပျိုး အင်္ကျီဝတ်ဖို့ ကို ကူညီပေးရသည် ။

အခန်းရှေ့ကနေ တံခါးကို ခပ်ဟဟလေး ဖွင့်ပြီး အခန်းထဲမှ ပုံရိပ်တွေကို ခင်းသက် နားစိုက်ထောင်ရင်း မသိအောင် ချောင်းကြည့်မိရင်း။

ပျိုး ကိုယ်ပေါ်မှ အရာတစ်ခုကို အမှတ်ထင်ထင် မြင်လိုက်ရလျှင်...

***

# အခန်း(၄)

"ဘာ ပျိုးကျောကုန်းမှာ ဒဏ်ရာနဲ့ ဟုတ်လို့ လားဟယ် ခင်းသက်ရယ်"

"တကယ်ပါဆို မေမေကလည်း ၊ ခင်းသက်ပြောတာယုံ အမှန်တွေ"

"နေစမ်းပါဦး စဉ်းစားမရတာက ဒီကလေးပုံစံက မောက်မာလော်လည်တဲ့ ပုံမျိုးလည်း မဟုတ်ပါဘဲနဲ့ အင်္ကျီဝတ်တာ၊ လဲတာကအစ နောက်ဆုံးအေ .... သူ့ဘေးနားမှာ ဘော်ဒီဂတ်လိုလို ဘာလိုလိုနဲ့ လူတွေက ရှိသေးတယ်၊ သူက ဘာလို့ နေရာတကာမှာ သူများကို ခိုင်းစေရတာလဲ၊ ကိုယ်တိုင်လုပ်လည်း ရရဲ့ သားနဲ့ "

"အလကားပါ မေမေရယ်၊ သူ့ကိုယ်သူ သူဌေးသမီးဆိုပြီး ပါဝါပြနေတာ နေမှာ ပေ့ါ ဒါများ "

"ဩော် အဲလို ပါဝါပြမယ့်ရုပ်လား၊ ကောအေ ... ၊ မောက်မာလော်လည်တဲ့ ပုံစံမျိုး မဟုတ်ပါဘူးလို့ ၊ နေပါဦး ခုနဒဏ်ရာက ဘယ်လိုလုပ်ပြီး ရရတာပါလိမ့်"

ဒေါ်မေခင်းသက် မျက်လုံးထောင့်ကပ်ကာ စဉ်းစားခန်းဝင်နေစဉ်၊ တစ်နေ့က မြင်ခဲ့ရတာကို သွားအမှတ်ရသွားလျက်။

"ဟုတ်တယ် ဒီအိမ်မှာ တစ်ခုခုတော့ ထူးနေသလိုပဲ"

"ဘာတွေ ထူးပြန်လို့ လဲ မေမေရဲ့ "

ခင်းသက်က မှန်တင်ခုံပေါ်ကနေ ခုတင်ပေါ်က ဒေါ်မေခင်းသက်အနားမှာ သွား၍ ကပ်ထိုင်လိုက်ကာ မေးတော့၊ ဒေါ်မေခင်းသက် မျက်မှောင်ကုတ်ပြီး တွေးတွေးဆဆလေးဆိုသည် ။

"တစ်နေ့က မေမေ အပြင်ကပြန်လာတော့ ခြံထဲမှာ ပျိုးကို ပန်းခူးနေတာတွေ့လိုက်တယ်"

ခင်းသက်က သက်ပြင်းရှည်ကြီး ချလိုက်ကာ။

"ဒါများ မေမေရယ်၊ ပန်းခူးတာကို အစမ်းလုပ်နေသေးတယ် ဘာများ လဲလို့ ခုကိစ္စနဲ့ ဘာမှ လည်း မဆိုင်ဘဲနဲ့ "

"ဆိုင်လို့ ဆက်စပ်ပြောနေရတာပေါ့ မိခင်းသက်ရဲ့ ၊ သူ ပန်းခူးနေတဲ့ပုံစံက ဒီတိုင်းခူးတာ မဟုတ်ဘဲ ရှေ့ကပန်းကို လက်နဲ့ စမ်းခူးနေတာဟဲ့"

"ဟင်"

"သမီး အံ့ဩသွားတယ်မဟုတ်လား၊ မေမေလည်း စဉ်းစားနေတာ၊ ပျိုးဘဝင်ဆိုတဲ့ ကောင်မလေးမှာ လျှို့ဝှက်ထားတာ တစ်ခုခုတော့ သေချာတယ် ရှိကိုရှိရမယ်လို့ "

"ရှေ့ကပန်းကို လက်နဲ့ စမ်းခူးနေတာဆိုတော့ မေမေ မဟုတ်မှ လွဲရော ပျိုးက ပျိုးက မျက်စိမမြင်တာများ လားဟင်"

"အဲလိုတွေးနိုင်ဖွယ်ရှိပေမဲ့ ပျိုးက မေမေတို့ ကိုကြည့်တယ်လေ၊ တကယ်မမြင်ရရင် မျက်လုံးချင်းဆုံ ကြည့်ပါ့မလား"

"အင်း ဒါလည်း ဟုတ်တာပဲ၊ ဒါပေမဲ့ သမီးစိတ်ထဲမှာ ပျိုးနဲ့ ပတ်

သက်ပြီဆိုရင် ဒီအိမ်ကလူတွေ နည်းနည်းများ သိပ်အကဲပိုနေသလားလို့ "

"ဒါကတော့ အသိသာကြီးပဲကို"

"ဖေဖေကရော ပျိုးနဲ့ ပတ်သက်ပြီး တစ်ခုခုများ မေမေ့ကို ပြောတာမျိုးမရှိဘူးလား"

ဒေါ်မေခင်းသက် နှုတ်ခမ်းတစ်ချက်တွန့်မဲ့၍

"မရှိပါဘူးအေ"

"မေးကြည့်ပါလားဟင်"

"အေးလေ ပြောမပြတော့လည်း ဖြောင်ပဲ ဖွင့်မေးရတော့မှာ ပေါ့"

"ဟွန်း အဲလိုဖြောင်ကြီးမေးတော့ ကောင်းပါ့မလား မေမေရဲ့ "

ခင်းသက်က မျက်လုံးကို ပြူးကြည့်ရင်း မော့ပြောလျှင် ဒေါ်မေခင်း သက်က လှလှပပကြီး မျက်နှာကိုမော်ကာဖြင့်။

"ဘာလို့ မကောင်းရမှာ လဲအေ ဒီမှာ ကြည့်၊ မေမေက သူ့မဟေသီ လေ၊ သူ ပြောကို ပြောလာရအောင် နှစ်ခါမမေးရပါဘူးအေ သမီး စောင့်ကြည့်စမ်းပါ"

"အမယ်လေး အရေးထဲမှာ မေမေက ဂျေဝင်နေပြန်ပါပြီ"

"အံမယ် လူကြီးကိုနော် ဟွန်း"

ထိုစဉ် သူတို့ အခန်းရှေ့မှ အသံတွေ ထွက်ပေါ်လာသည် ။

"မိဖွေးရေ ဖေဖေ့ကို ဆေးတိုက်ချိန်ရောက်ပြီနော် ဆေးခွက်ယူခဲ့ပေး ဦး"

"ဟုတ်ကဲ့ မမပျိုး"

"ဟင်"

သူတို့ အခန်းရှေ့ကနေ ပျိုးအသံကို ကြားလိုက်ရတာမို့ သားအမိနှစ်ယောက် ဟင်ခနဲ ဖြစ်သွားကြလျက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အသံတိတ်သွားကြသည် ။

ခဏကြာတော့ ပျိုးအနားကို မိဖွေးက ဆေးခွက်ဗန်းလေးကိုင်ပြီး ရောက်လာ၏။ သူ့မမပျိုး မျက်နှာလေး ပြုံးယောင်သမ်းနေတာမို့။

"မမပျိုး ဘာတွေ သဘောကျနေတာလဲဟင်"

"ဘာရယ် မဟုတ်ပါဘူး ဒီလိုပါပဲ၊ လာ လာ"

ခြေသံတွေ ဝေးသွားတော့မှ ခင်းသက်က သက်ပြင်း ဟင်းခနဲ ချလိုက်ကာဖြင့်။

"တွေ့လား မေမေ၊ ခင်းသက်တို့ ပြောနေတာတွေ ဘယ်အချိန်ကတည်းက ခိုးနားထောင်နေမှန်း မသိဘူး၊ အကုန်သာ ကြားသွားရင်တော့ ဒုက္ခပါဘဲ"

"ဒီကောင်မလေးကို လျှော့တွက်ထားလို့ မရတော့ဘူး၊ ထင်ထားတာထက် ပိုသွေးအေးတယ်"

"ဟုတ်တယ် မေမေ၊ ကိုယ်တွေနဲ့ ဆိုရင် စကားတောင် ပြောတတ်ရဲ့လား မသိဘူး၊ အံ့ပုန်းဆိုတာ ဒါမျိုးပဲနေမှာ "

"နေဦး၊ သူ့အဖေဆီမှာ မေမေတို့ ပြောသမျှတွေ ပြန်တိုင်လိုက်ရင် မလွယ်သေးဘူး၊ ကိုမောင် ယုံစားအောင် မေမေ့မှာ မနည်းကြိုးစားခဲ့ရတာ၊ လိုက်သွားလိုက်ဦးမယ်"

ပြောပြောဆိုဆိုနဲ့ ပင် ဒေါ်မေခင်းသက် သမီးဖြစ်သူအခန်းထဲမှ နေ ခပ်သွက်သွက်လေး ထွက်သွားလေသည်။

***